Special Edition

# ဆိုက်ဘာဘေးကင်း

## ရုပ်ပြကာတွန်းများ



ဆိုက်ဘာဘေးကင်း
Myanmar Cybersecurity Awareness Campaign

International Republican Institute
IRI
advancing democracy worldwide

Greetings,

As the 2020 Burma General Elections draw closer, the International Republican Institute (IRI) is working to equip political party members and polling agents with the necessary skills and information to support fair and free elections. Throughout its extensive work with 88 political parties, IRI witnessed firsthand the impact of social media and cyberspace on Burma's evolving political environment and political actors' actions. From first-time voters and youth party members to established party leadership and bureaucrats, all are regularly utilizing social media and other online means as their primary methods of internal and external communications and to consume and share news and information. By 2020, the numbers have reached about 22 million social media and internet users in Burma and 41% internet penetration jumping from only 14 million users and 26% internet penetration in 2017.

COVID-19 related gathering restrictions during the campaign period pushed further voters and political institutions alike towards online communications. With that increased shift to utilizing the virtual space, political party members face risks of cyberbullying, online impersonation, blackmail with sensitive data, smear campaigns and disinformation, and, last but not least, COVID-19 rumors scare the public. The virtual space has also opened the door to further attacks against already fragile religious and ethnic ministries and casting doubts on youth and women's capabilities. IRI collaborated with the Myanmar Cyber Security Awareness Campaign (Cyber Bakin) to develop this booklet of comics addressing information safety in the digital age. The comics aim to provide an informative yet entertaining means of spreading awareness among Burmese voters and political actors on the importance of digital safety to mitigate the impact of disinformation and cyberspace in their communities and their electoral processes.

IRI is a nonpartisan, nongovernmental organization that performed high-impact work in more than 100 countries since 1983—in Africa, Asia, Eurasia, Europe, Latin America and the Caribbean, and the Middle East and North Africa—and currently has offices in 40 countries worldwide. In Myanmar, IRI works with registered political parties, state parliaments, national and local elected officials, and civil society. Our nationwide programming supports Burma's transition by promoting democratic political party development, transparent and inclusive campaign techniques, constituency-driven policy development, public opinion polling, and grants for local organizations committed to democratic governance. Enhancing women's participation, youth, and disadvantaged groups in the political process is a cross-cutting theme for all of IRI's work in Burma.

Sincerely,

Jeremy Liebowitz
Resident Program Director

# မင်္ဂလာပါ

၂၀၂၀ မြန်မာ့အထွေထွေရွေးကောက်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ International Republican Institute (IRI) အနေဖြင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများကို ပံ့ပိုးပေးရန်အတွက် နိုင်ငံရေးပါတီ အဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များအား လိုအပ်သောကျွမ်းကျင်မှုများနှင့် သတင်းအချက်အလက်များ မျှဝေပေးသွားရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ IRI သည် နိုင်ငံရေးပါတီ ၈၈ပါတီနှင့်အတူ လုပ်ငန်းဆောင်တာများကို ကျယ်ကျယ် ပြန့်ပြန့်လုပ်ဆောင်ခဲ့သည့်တလျှောက်တွင် လူမှုကွန်ရက်နှင့် ဆိုက်ဘာနယ်ပယ်တို့မှတစ်ဆင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်နေသော နိုင်ငံရေးကိစ္စရပ်များနှင့် နိုင်ငံရေးသမားများ အပေါ် အကျိုးသက်ရောက်မှုများကိုလည်း မျက်မြင် ကြုံတွေ့ခဲ့ရပါသည်။ ပထမဦးဆုံးအကြိမ် မဲပေးမည့် မဲဆန္ဒရှင်များနှင့် ပါတီဝင်လူငယ်များမှအစ ပါတီခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အစည်းများ အားလုံးတို့သည် ၎င်းတို့၏အတွင်း၊ အပြင်ဆက်သွယ်မှုများနှင့် သတင်းအချက်အလက်များရယူရန်၊ မျှဝေရန်တို့အတွက် လူမှုမီဒီယာနှင့် အခြားသော အွန်လိုင်းနည်းလမ်းများကို ပုံမှန်အသုံးပြုလာကြပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း လူမှုကွန်ရက်နှင့် အင်တာနက်အသုံးပြုသူ ၁၄ သန်းနှင့် အင်တာနက်သုံးစွဲမှု ၂၆ ရာခိုင်နှုန်းအထိပဲရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် လူမှုကွန်ရက် နှင့် အင်တာနက်အသုံးပြုသူ ၂၂ သန်းနှင့် အင်တာနက်သုံးစွဲမှု ၄၁ ရာခိုင်နှုန်းအထိခုန်တက် မြင့်မားသွားပါသည်။

မဲဆွယ်စည်းရုံးရေးကာလအတွင်း COVID-19နှင့် ပတ်သတ်သော တားမြစ်ကန့်သတ်မှုများပေါ် ပေါက်လာခြင်းသည် မဲဆန္ဒရှင်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများအား အွန်လိုင်းဆက်သွယ်ရေးနည်းလမ်းများကိုပိုမိုအသုံးပြုစေရန် တွန်းအားပေးလာခဲ့ပါသည်။ ဤအခြေအနေတွင် နိုင်ငံရေးပါတီအဖွဲ့ဝင်များ သည် ဆိုက်ဘာတိုက်ခိုက်မှုများ၊ အွန်လိုင်းအယောင်ဆောင်မှုများ၊ ထိခိုက်လွယ်သောအချက် အလက်များအသုံးပြု၍ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ၊ အသရေပျက်စေသော မဲဆွယ်မှုများ နှင့် လုပ်ကြံ သတင်းများကို ရင်ဆိုင်ကြုံတွေ့လာရပါသည်။ အွန်လိုင်းနယ်ပယ်များသည် ထိခိုက်လွယ်သော ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစု ကိစ္စရပ်များ၊ လူငယ်များနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပေါ် သံသယဖြစ်စေသောအကြောင်း ကိစ္စရပ်များကို ပိုမိုတိုက်ခိုက်လာစေနိုင်တဲ့ အခြေအနေတစ်ရပ်လည်း ဖြစ်ပေါ်လာခဲ့ပါသည်။ IRI သည် မြန်မာဆိုက်ဘာလုံခြုံရေး သိမြင်နိုးကြားမှု အစီအစဉ် (ဆိုက်ဘာဘေးကင်း)နှင့် ပူးပေါင်း၍ ဒီဂျစ်တယ်ခေတ်တွင် သတင်းအချက်အလက် လုံခြုံရေးကိုရှေးရှုကာ ကာတွန်းရုပ်ပြစာစောင်များကို ဖန်တီးပြုလုပ်ထားပါသည်။ အဆိုပါ ကာတွန်းရုပ်ပြစာစောင်များသည် မြန်မာနိုင်ငံအတွင်းရှိ မဲဆန္ဒရှင်များ နှင့် နိုင်ငံရေးသမားတို့ဆီ ၎င်းတို့၏ လူမှုအဖွဲ့အစည်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုနှင့် လုပ်ကြံသတင်းများ၏ အကျိုးသက်ရောက်မှုတို့ကို လျှော့ချနိုင်ရန်အတွက် ဒီဂျစ်တယ်လုံခြုံရေးအသိပညာများကို စိတ်ဝင်စားဖွယ်ကောင်းစွာ ဖြန့်ဝေပေးရည်ရွယ်ပါသည်။

IRI သည် ၁၉၈၃ ခုနှစ်ကတည်းက အာဖရိက၊ အာရှ၊ ယူရေးရှား၊ ဥရောပ၊ လက်တင်အမေရိက၊ ကာရစ်ဘီယံ၊ အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကတို့ရှိ နိုင်ငံပေါင်း ၁၀၀ကျော် နှင့် ထိရောက်မှု မြင့်မားသောလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၄၀တွင် အခြေစိုက် ရုံးများဖွင့်လှစ်ထားသည့် ဘက်မလိုက်၍ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ တွင် IRI သည် တည်ဆဲနိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ဒေသတွင်းရွေးကောက်ခံကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူ လုပ်ကိုင်ဆောင်ရွက်ပါသည်။ ကျွန်တော်တို့ ၏ ဒီမိုကရက်တစ်နိုင်ငံရေးပါတီများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်နိုင်သော စည်းရုံးရေးနည်းလမ်းများမျှဝေခြင်း၊ မဲဆန္ဒနယ်အခြေပြု မူဝါဒဖွံ့ဖြိုးတိုးတက်မှုများ၊ လူထုသဘောထားအမြင်စစ်တမ်းများနှင့် ဒီမိုကရက်တစ်အုပ်ချုပ်မှုကို တွန်းအားပေးသည့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့မှုများအစရှိသည့် နိုင်ငံအနှံ့ စီမံဆောင်ရွက်ချက်များဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနေပါသည်။ အမျိုးသမီးများ၊ လူငယ်များနှင့် အခြားအခွင့်မသာသည့် အုပ်စုများအား နိုင်ငံရေးဖြစ်စဉ်တွင်ပါဝင်မှုကို မြှင့်တင်ခြင်းသည် IRI ၏ မြန်မာနိုင်ငံအတွင်းရှိ လုပ်ဆောင်မှု ၏ အဓိကအကြောင်းအရာဖြစ်ပါသည်။

လေးစားစွာဖြင့်

Jeremy Liebowitz
Resident Program Director
International Republican Institute

## Cyber Baykin: Myanmar Cyber Security Awareness Campaign

The Cyber Baykin campaign was initiated and supported by Australian Department of Foreign Affairs and Trade, Monash University, Myanmar Ministry of Transport and Communications, and Kernellix Myanmar to promote online safety awareness in Myanmar.

Myanmar is one of the fastest growing mobile markets with an estimated 68 million mobile phone subscriptions (126% of total population). However, the low level of cyber security awareness among its relatively new internet users_makes cybercrime, cyberbullying and the online spread of misinformation serious risks for which Myanmar is ill-prepared. As a result, easily preventable cybercrimes happen frequently in Myanmar while efforts to raise awareness by both the public and private sectors are insufficient. By creating original cartoons and local content, the Cyber Baykin campaign aims to reach the most vulnerable internet users, old and young, urban and rural, directly through social media and public outreach programs. Original Myanmar comic characters were created by Myanmar artists for Myanmar audience making the stories highly relatable, and the popular cartoons have been widely shared by thousands of users as well as our partner organizations across sectors.

ဆိုက်ဘာဘေးကင်းအစီအစဉ်သည် မြန်မာနိုင်ငံအတွင်း အွန်လိုင်းလုံခြုံမှုကို မြှင့်တင်ရန်ရည်ရွယ်၍ Australian Department of Foreign Affairs and Trade, Monash University (Australia), ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် Kernellix တို့မှ ပဏာမပူးပေါင်းဆောင်ရွက်ထောက်ပံ့သော အစီ အစဉ် တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပျှမ်းမျှအားဖြင့် မိုဘိုင်းဖုန်းအသုံးပြုသူသည် ၆၈ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၁၂၆ ရာခိုင်နှုန်းဖြစ်ပါသည်။ သို့သော်လည်း ဆိုက်ဘာလုံခြုံရေး အသင့်ရှိ မှုမလုံလောက်သော မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူများ၏ ဆိုက်ဘာလုံခြုံရေး သိမြင်နိုးကြားမှု နည်းပါးခြင်းကြောင့် ဆိုက်ဘာရာဇဝတ်မှု၊ ဆိုက်ဘာအနိုင်ကျင့်မှု နှင့် အွန်လိုင်းမှ သတင်းတုသတင်းမှားများ ပြန့်ပွားခြင်း အစရှိသည့်အန္တရာယ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ အလွယ်တကူတားဆီးနိုင်သော ဆိုက်ဘာ ရာဇဝတ်မှုများမှာမကြာခဏ ဖြစ်ပေါ်လျက်ရှိပြီး ထိုပြဿနာများကိုဖြေရှင်းရန် အများပြည်သူအတွက် သိမြင် နိုးကြားမှုအစီအစဉ် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းများမှာ လုံလောက်မှုမရှိပါ။ ဤအစီအစဉ်သည် မြန်မာ နိုင်ငံအတွက် သီးသန့်ရည်ရွယ်သော အကြောင်းအရာ၊ အဖြစ်အပျက်များကို ကာတွန်းပုံစံဖြင့် ရေးသားပြီး လူမှု ကွန်ယက်နှင့် အများပြည်သူသို့ထိရောက်စေသောပွဲများမှတစ်ဆင့် မြို့ပြနှင့်ကျေးလက်များမှ ဆိုက်ဘာလုံခြုံရေး သိမြင်မှုနည်းပါးနေသေးသော လူကြီးလူငယ်များသို့ ပျံ့နှံ့စေရန် ရည်ရွယ်ပါသည်။

ဆိုက်ဘာဘေးကင်း၏ မူလကာတွန်းဇာတ်ကောင် ၆ ခုကို မြန်မာကာတွန်းအနုပညာဖန်တီးသူမှ ရေးဆွဲပေးထား ပြီး ကာတွန်းဇာတ်လမ်းများကို မြန်မာမိုဘိုင်းအသုံးပြုသူများနှင့် အံဝင်ဂွင်ကျဖြစ်အောင် တင်ဆက်ပေးနေပါ သည်။ ထိုကာတွန်းဇာတ်လမ်းများမှာ ထောင်ပေါင်းများစွာသော အွန်လိုင်းအသုံးပြုသူများကြားတွင်သာမက ဆိုက်ဘာဘေးကင်း၏ မိတ်ဖက်အဖွဲ့အစည်းများကြားတွင်လည်း ရေပန်းစားကာအွန်လိုင်းပေါ်တွင်ပြန်လည်မျှဝေ လျက်ရှိပါသည်။

ဆိုက်ဘာဘေးကင်း၏ အသိပညာပေးကာတွန်းများ နှင့် လှုပ်ရှားမှုများကို သိရှိနိုင်ရန်အတွက် အောက်ပါလင့်ခ် များတွင် follow လုပ်နိုင်ပါသည်။


Facebook : https://www.facebook.com/CyberBayKin
Website : https://www.cyberbaykin.org


# Cyber Baykin Cartoons

1. MiKay & Password
2. MiKay & Phishing Scam
3. MiKay & Mobile Security
4. MiKay & Cyberstalking
5. MiKay & MFA
6. MiKay & Identity Theft
7. MiKay & Covid-19 Rumors
8. MiKay & Privacy
9. MiKay & Cyberbullying
10. MiKay & Empathy


# မိကေ နှင့် Password

သရုပ်ဖော်..ရဝနုသဘား






ဖွားချိုအကောင့်ဟက်ခံရပြီ ထင်တယ်... Passwordကို အလွယ်တွေပေးထားတာလား...
အေးလေ..phwarcho123 ဆိုမှတ်ရလွယ်တာပေါ့အေ့.. ဆိုင်ကလုပ်ပေးလိုက်တဲ့ အတိုင်းပဲထားတဲ့ဟာကို...
နောက်ဆိုရင် Passwordကို လုံလုံခြုံခြုံပေးပါ ဖွားချိုရဲ့...
မသိပေါင်အေ..ညည်းတို့ လောကဓါတ်ပညာတွေ...
ရပြီ..ဖွားချို အကောင့်ပြန်ရပြီ..
Passwordကို ဒီလိုပေး ဖွားချိုရဲ့...
နံပါတ်(တစ်)ကိုယ်မှတ်မိလွယ်ရမယ်...
(နှစ်) သူများမှန်းရပြုရခက်ရမယ်...
(သုံး)ရှည်ရမယ်..(လေး)ရှုပ်ရမယ်...
အဲ့ဒါမှကိုယ့်အကောင့်လုံခြုံမှုရှိမှာပေါ့...
ကတောင်! ကတောင်!



အိုနေပါပြီအေ.. အဲ့လောက် အများကြီး မမှတ်နိုင်တော့ဘူး...
လွယ်ပါတယ်.. ဖွားချိဘယ်တော့မှ မမေ့မယ့်၊ဖွားချိပဲသိတဲ့ကိစ္စတစ်ခု ကို Password နေရာမှာဝါကျ လုပ်သုံးပေါ့... အိုကေလား...
ဥပမာ-အဖိုးနဲ့ဖွားချိတို့ ပထမဆုံးတွေ့တဲ့နေ့ I met him June 05 1965 ဆိုပြီးရေးထည့် လိုက်တော့ ရှည်လဲရှည်၊မှတ်ရလည်းလွယ်တာပေါ့..
ဒီလိုဆိုတော့လည်း ဟုတ်သားပဲအေ့...
သာနိုးတစ်ယောက်မှာကား...
ဖွားချိအကောင့် ပြန်ဆယ်သွားပြီဟ.. ဘယ်ရမလဲ..လာစမ်း..
တစ်ကြိမ်ရမ်းထည့်လည်းမရ..
ဆယ်ကြိမ်ရမ်းထည့်လည်းမရ..
အကြိမ်နှစ်ဆယ်ရမ်းထည့်လည်းမရ..
သာနိုးကိုအာနိုးတောင် လာစမ်းလို့မရ..ရ...
ကယ်တော်မူ ကြပါဦး......


မိကေ နှင့် Phishing Scam
သရုပ်ဖော်..ရဝနုသား
ကတောင်!!
message ဝင်လာပါလား.. ဘာလဲကြည့်ဦးမှ...
Your Number has EARNED you $1,000,000.00 Dollars in 2019 AT&T Int'l Draw in USA,to claim,send your Name,Address & Mobile#to: attadp@hotmail.com
ဟင်.. $ 1,000,000 မဲပေါက်တယ် ဆိုပါလား ...
သူပေးတဲ့ link ကို နှိပ်ကြည့်ရင် ကောင်းမလား ..
နေဦး..သေချာအောင် မမမိကေကိုအရင် မေးကြည့်ရမယ်..
မမကေ..ဒီ message လေး ကြည့်ပေးပါဦး ...
ဒါ phishing message ပဲ.. လူတွေစိတ်ဝင်စားအောင် ဒါမျိုး မက်လုံးတွေ အမျိုးမျိုးပေးပြီး ဆွဲဆောင်တာလေ...


အဲ့ link ကိုနှိပ်ပြီး ကိုယ့်ရဲ့ အရေးကြီး အချက်အလက်တွေ ဖြည့်အောင် လိမ်လည်လှည့်ဖြား တာမျိုးပေါ့ ...
ထင်တော့ထင်သား... ဘာမှလည်း ကံစမ်းမထား ပါဘူးလို့.. သက်သက်မဲ့ အချက်အလက်တွေ ပါတော့မလို့ ...
မေ့ရဲ့တောင် တဖြည်းဖြည်း တော်လာပါလား ...
ဒါမျိုးက ရှိနေပြီလေ မမရဲ့ .. မေ့ရဲ့ သူငယ်ချင်းတွေပါ သိအောင် သွားပြောပြလိုက်ဦးမယ်နော် ...
ဟုတ်.. မမ..
အေး..ကောင်းတယ်.. သေချာလေးရှင်းပြ၊ ပြောပြနော် ...
ပြီး


မိကေ နှင့် Mobile Security
သရုပ်ဖော်..ရဝနသား
မိကေရေ..ကူပါဦးဟ.. ငါတော့ ဒုက္ခရောက်နေပြီ...
ဘာဖြစ်လို့လဲ မမရယ်.. အလန့်တကြားနဲ့..
ဒီလို မိကေရာ..ဟိုနေ့က ငါ့ဖုန်းပျောက်သွားတာလေ... ဘယ်လိုမှ ဆက်သွယ်မရတော့လို့ အသစ်ဝယ်ဖို့ ဆိုင်ကို သွားတာ..ဝယ်လည်းပြီးရော ငါ့ Facebook account၊ email တွေ၊ Online shopping account တွေ၊ mobile banking account တွေရော တစ်ခုမှ ဝင်လို့မရတော့ဘူးဟ..ဆိုင်ကပြောတော့ တစ်ယောက်ယောက်က Passwords တွေ အကုန်ပြောင်းလိုက်တာ ဖြစ်မယ်တဲ့..ကူညီပါဦး မိကေရာ..ဟူး ... ...
သူတို့ဘက်ကလည်း ဘာမှ လုပ်ပေးလို့ မရဘူးတဲ့ဟ ...
ဒါဆိုရင် သက်ဆိုင်ရာ ဘဏ်ကို ဆက်သွယ်ပြီး mobile banking account ပြန်ရအောင် အရင်ဆုံး ဖြေရှင်းလေ မမရဲ့ ...


social media နဲ့ email account တွေကတော့ ပြန်ရဖို့မလွယ်ဘူး မမ...
ဒါကြောင့် ကိုယ့်ရဲ့ မိုဘိုင်းဖုန်း မပျောက်အောင် ထိန်းသိမ်းဖို့ အရေးကြီးတယ် ပြောတာလေ...
သွားပါပြီဟယ်..
ဖုန်းကို screen lock PIN တို့၊ Passwords တို့ ထားသင့်တယ်.. လိုအပ်လာရင် Passwords reset လုပ်ဖို့ desktop account တစ်ခုနဲ့ ချိတ်ထားသင့်တယ် မမရဲ့...
အေးပါဟယ်..ငါလုပ်ထားပါ့မယ်.. လောလောဆယ် အချိန်ရှိတုန်း ဘဏ်ကိုသွားလိုက်ဦးမယ်ဟာ..
ဘာအကူအညီပေးရမလဲရှင့်..
KBZ BANK
ဒီလို ညီမလေးရယ်..
xxx xxx xxx xxx
xxx xxx xxx xxx
ViewSonic
ဟုတ်..မမ..
ခနလေးစောင့်ပါနော်..
ရသွားပြီ မိကေရေ..နင့်အကြံနဲ့ ဘဏ်ကဝန်ထမ်းအကူအညီကြောင့် mobile banking account တော့ စိတ်ချရသွားပြီ..ကျေးဇူးပါဟေ့..
ကမ္ဘောဇဘဏ်လီမိတက်
ပြီး


မိကေ နှင့် MFA
သရုပ်ဖော်..ဇဝနသား
ဘဏ်အကောင့် ပိုလုံခြုံအောင် ကြီးဖုန်း နဲ့ OTP set up လုပ်ပေးထားပါတယ်ရှင့် ... ငွေလွှဲတို့ ဘာတို့လုပ်တဲ့အခါ Password ထည့်ပြီးရင် ဖုန်းထဲကို OTP Code ဝင်လာပါ့မယ်.. OTP က ၃ မိနစ် တစ်ခါလဲပါတယ်.. ဒီ OTP ထည့်မှ ငွေလွှဲလို့ရပါမယ်ရှင့် ... ...
Counter 1
အိုးခေ..ညီမ.. ကျေးဇူး..ကျေးဇူး..
မေစီ့ကုမ္ပဏီကို ပေးရမယ့်ငွေ ဒီကနေ လွှဲကြည့်ဦးမယ်..
ကတောက်! ကတောက်! တိ..တိ..
အဆင်ပြေသွားပြီ ညီမရေ...
ဟုတ်..ဟုတ်..ကြီး..
ဘဏ်မှာ OTP လုပ်သလိုမျိုး Facebook တို့ Gmail အကောင့်တို့ကို လုပ်လို့ရလားမသိဘူး ... မိကေကိုလှမ်းမေးကြည့်ဦးမှ...
ဝီး..ဝီ!..ဝီ!!!
ဟဲလို.. ပြောလေ.. ကြီးကျော်..ဘာကိစ္စ?
ဒီလို..မိကေရေ... xxxx..xxxxx... xxxxx..xxxx.. သာနီးလိုကောင်တွေ ရန်ကလည်း အေးတာပေါ့..



နောက်တောင်ကျနေပြီ.. ကြီးကျော် ရာ.. အရေးကြီးတဲ့ အကောင့် မှန်သမျှ အကုန်သာလုပ်ထားပေတော့ ...
ဘယ်လိုလုပ်ရမှာလဲဟဲ့.. ပြောပြဦး ...
အကောင့် Security Setting ထဲသွားပြီး MFA ဆိုတာကို ဖွင့်လိုက်... ...
Google, Facebook, Twitter အကုန်ရတယ်... တစ်မျိုးက Phone ကို OTP ပို့ခိုင်းလို့ရတယ်.. ...
နောက်တစ်မျိုးက ဖုန်းထဲကို Program တစ်ခုထည့်ပေးရတယ်... Log in လုပ်တိုင်း အဲ့ Code လေးထည့်ပေးရမယ်..
Log in တစ်ခါလုပ်တိုင်း Code တစ်ခုဆိုတော့ hack ရခက်တာပေါ့ ...
အဲ့ဒါပိုကောင်းတယ် မိကေ... အခုပဲလုပ်လိုက်မယ်ဟေ့ ... Thanks !! Thanks !!! ..
ကြီးကျော် လိုင်းပေါ်မှာရှိနေတာပဲဟ.. အပျင်းပြေ hack လိုက်ဦးမယ်... လာထား Password .. ကျဥ.. ကျဥ..
ကတောက် ကတောက်
ကတင်!
ဝိုး:: Password မှန်သွားပြီဟ...
အင်!! OTP တောင်းမှတော့ ဂါပြီပေါ့ကွာ.. ... ကြီးကျော်တောင် တော်တော်တတ်နေပြီပဲ.. ခွီး::
ငါနော်.. ဟင်း! ဟင်း!!!!


# မိကေ နှင့် Cyberstalking


သရုပ်ဖော်..ရဝနသား





မမရေ..သမီးကို Fake account တစ်ခုက စကားတွေပြောပြီး ငွေညှစ်နေတယ်..သမီးရဲ့ အချက်အလက်တွေ အားလုံးလည်း သိနေတယ်...
ဓာတ်ပုံတွေလည်း မဟုတ်တဲ့ Website တွေမှာတင်လိုက်မယ်တဲ့...ကျောင်းက သူငယ်ချင်းတွေကြားထဲမှာ အရှက်ကွဲ တော့မှာပဲ..ဘယ်လိုလုပ်ရမလဲ မမ...
ပို့ထားတဲ့ message တွေ ပြပါဦး...
ဒါ Cyberstalking လုပ်ခံရတာပဲ မေရှဲရေ...
ဟယ်.. ဟုတ်လား?
Cyberstalker တွေက မေရှဲတို့လို လူငယ် အရွယ်တွေကို အမြဲကပစ်မှတ်ထားတာလေ.. အရင်ဆုံး အချက်အလက်တွေ စုဆောင်းမယ်..
သာနိုးလို လူတွေပေါ့..



ပြီးရင် ကြောက်လန့်အောင် ခြောက်ပြီး ပတ်ဝန်းကျင်တို့၊ အလုပ်ခွင်တို့မှာ အရှက်ခွဲမယ်ဆိုပြီး ခြိမ်းခြောက်လာမယ်။
ကူပါဦး မမရယ်။ ဘယ်လို လုပ်ရမလဲ…
ကိုယ့် Friend List ထဲမှာမရှိတဲ့သူ၊ မသိတဲ့သူတွေ စကားလာပြောရင် ပြန်မပြောခင် အရင်စစ်ဆေးရမယ်…
ဟုတ်!
လောလောဆယ် ဒီ Fake account ကို Block ပြီး Report လိုက်။ သူငယ်ချင်းတွေကိုပါ Report ဖို့ ထုတ်ခိုင်းပေါ့…
နောက်ဆိုကိုယ့်ရဲ့ Profile Setting ကို Private ပဲထား။ ဒါမှကိုယ့် Friend List ထဲမရှိတဲ့သူစိမ်းတွေ မမြင်ရမှာ။ မလိုအပ်ဘဲ ကိုယ့်ရဲ့အရေးပါတဲ့ အချက်အလက်တွေကို အွန်လိုင်းပေါ်လျှောက်မတင်နဲ့။ Private ပဲထား။ ပြီးတော့ မသိတဲ့ Friend request တွေ လက်မခံနဲ့ပေါ့…
ဟုတ်။ မှတ်ထားလိုက်ပြီ မမကေရေ။
ပြီး


မိကေ နှင့် Identity Theft
သရုပ်ဖော်..ရဝေနသား
ဟူး... ရှေ့တစ်ခေါက်က ဖွားချိုကို romance scam လုပ်တာ မအောင်မြင်ဘူး.. ဒီတစ်ခါ ဘောစိမေစီကို Identity Theft လုပ်မယ်..ဟာတား .. Phishing mail တွေ ပို့ပြီး အချက်အလက်တွေ အရင်ခိုးရမယ်..
ဩ! ဩ!!
ဟင်!! ဘဏ်အကောင့် Verity လုပ်ဖို့ ဒီ link ကို နှိပ်ပြီး log in လုပ်ပါတဲ့ .. လုပ်လိုက်ဦးမှ...
donotreply@securityalerts.bank.mm
Dear MaySe,
Someone tried to log in to your account and we need to verify that it"s you.
Follow the link below and complete the instructions for your online banking security if it's not you loggin in.
Verify here
Regards,
Online Banking
ဒီတစ်ခါတော့ ပွပြီဟေ့ ...
ဟား ဟားဟား ...
ဂိုး ဂိုး
နောက်နှစ်ရက်အကြာ...
ဟယ်.. ငါလည်း မထုတ်ဘဲနဲ့ ဘဏ်အကောင့်ထဲက ငွေတွေ လျော့နေပါလား ... မိကေကို မြန်မြန်မေးကြည့်မှ... ...
ဟဲလို.. မိကေရေ... ××× ××× ××× ××× ...
ဘဏ်နဲ့ပတ်သက်တဲ့ မမရဲ့အချက်အလက် တွေ ဘယ်သူ့ကိုများ ပေးသိထားသေးလဲ..


ငါကလွဲလို့ ဘယ်သူမှ မသိပါဘူးဟာ .. ဟိုနေ့ကတောင် အကောင့်လုံခြုံအောင် email ကနေ log in ဝင်ပြီး Verify လုပ်ထားသေးတာကို ...
ဟင်.. ဒုက္ခပဲမမရယ်.. Phishing mail ဖြစ်ပြီ ထင်တယ်..Screenshot ပြကြည့်ပါဦး ...
ဟုတ်ပ.. Identity Theft လုပ်ခံရတာပဲ..အဲ့ Phishing mail ကနေ အရေးကြီးကိုယ်ရေးအချက်အလက်တွေ ရသွားပြီး Hacker က မမအယောင်ဆောင်ပြီး ဘဏ်ကငွေတွေ အလွယ် ထုတ်လို့ရသွားတာပေါ့ ...
လိုက်မမှီတော့ဘူး မှီကေရယ်.. အခု ဘာဆက်လုပ်ရမလဲ
ဘဏ်ကိုအမြန်ဆုံးဆက်သွယ်ပြီး Identity Theft လုပ်ခံရကြောင်း သတင်းပို့ ..ဘဏ်ကကူညီပေးလိမ့်မယ်.. နောက်ဆို Identity Theft မလုပ်ခံရအောင်လို့ (၁)ကိုယ့်ရဲ့ အချက်အလက်တွေကို အလွယ်တကူမပေးနဲ့.. အရင်ဆုံး ဘဏ်နဲ့တိုက်ပြီး စစ်ဆေးပေါ့..(၂)ကိုယ့်ရဲ့ Bank Transaction တို့ Billing စတာတွေကို အမြဲသတိထားပြီး စစ်ဆေးပေး ..(၃) Password တွေကိုလည်း သူများတွေ မသိနိုင်အောင် မကြာခဏ ပြောင်းပေးလေ..(၄) ဖြစ်လာပြီဆိုရင်လည်းအရင်ဆုံး သက်ဆိုင်ရာဘဏ်ကိုအကြောင်းကြားပေါ့..ဟုတ်လား..
အေးပါ.. ကျေးဇူး.. မှီကေရေ..
ပြီး


မိကေ နှင့် COVID-19 Rumors
သရုပ်ဖော်..ဇဝနသား
ဒီနေ့ ဘုရားပန်းလဲရမယ်..
ကြားပြီးပြီလား ဖွားချိုရေ.. ကိုဗစ်လူနာ အမှတ် 311 လေ ကွာရန်တင်းစင်တာကနေ ထွက်ပြေးလာတာ...
အခုမြို့ထဲမှာ လူတွေအများကြီးကို ကူးစက်ဖို့ အလားအလာရှိနေပြီတဲ့ တော်ရေ... သိလား...
ဘုရားရေ!!!
ကျုပ်တော့ ဒီသတင်းလည်း မကြားမိပါလား..
ဖွားချိုကတော့ သတင်းတွေ နောက်ကျနေပြန်ပြီ.. "Breaking News" ဆိုပြီး ဖေ့စ်ဘွတ်ပေါ်မှာ ဒီလောက်တင်နေကြတာ.. ဖွားချိုရဲ့ မိသားစုဝင်တွေ သူငယ်ချင်းတွေကို လည်း ပြန်ပြောပြလိုက်ဦးနော်...
အေး
အေး



မိကေရေ..မိကေ..
ဘာဖြစ်လာတာတုန်း ဖွားချိုရဲ့ ...
ဈေးထဲမှာလေ..လူနာအမှတ် 311 ကထွက်ပြေးပြီး မြို့ထဲ လျှောက်သွားနေတဲ့သတင်း ကြားခဲ့လို့ပဲ..အဲဒါ... ..
မြို့ကလူတွေ ကိုဗစ်ရောဂါ ကူးစက် နိုင်ခြေမြင့်နေပြီတဲ့..အခုဆေးနဲ့ စားစရာတွေ သွားဝယ်ထားမလို့ ငါနဲ့ လိုက်ခဲ့ပေးစမ်းပါဟယ်...
မော လိုက် တာ..
စိတ်လျှော့ဖွားချို.. ဖြည်းဖြည်းပေါ့ .. ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ တရားဝင် page နဲ့ website တွေမှာ စစ်ကြည့်လိုက်ဦးမယ်..
ဒါကောလာဟလပဲ..ဖွားချိုရေ... ဒီမှာကြည့်..လူနာ 311 ကွာရန်တင်း ဝင်ရာကထွက်ပြေးသွားတယ် ဆိုတဲ့ သတင်းက အမှန်မဟုတ်ဘူး ...
ဟင်..အဲလိုလား..



ငါဖြင့် နှလုံးရောဂါရပြီး သေပြီတောင်မှတ်တယ်...
ဒါကြောင့် ခုလိုအရေးကြီးတဲ့ ကပ်ရောဂါတွေ ကမ္ဘာအနှံ့ ဖြစ်ပွားနေတဲ့အချိန်၊ ရွေးကောက်ပွဲလိုကာလတွေမှာ ကောလာဟလတွေ မဖြန့်ဝေဖို့ သတိထားရမယ်...
ကောလာဟလတွေက လူတွေကို အကြောက်တရားဖြစ်စေတယ်.. ဒါကြောင့် သတင်းတစ်ပုဒ်ကိုမယုံကြည်ခင်၊ မ share ခင်သေချာ ပြန်စစ်ဆေးဖို့ လိုအပ်တာပေါ့...
မှန်ရဲ့လား?
စာနာရဲ့လား?
လိုအပ်ရဲ့လား?
အေး..အေး..ကျေးဇူးမိကေ...
ဈေးထဲက ဈေးသည်တွေနဲ့ သူငယ်ချင်းတွေကို အွန်လိုင်းပေါ်က ကောလာဟလတွေ အလွယ်တကူ မယုံဖို့နဲ့ စစ်ဆေးဖို့ ပြောပြလိုက်ဦးမယ်ဟေ့...
ဟုတ်..




# မိကေ နှင့် Privacy

သရုပ်ဖော်..ရဝနုသား





ဒီမှာလေ မကေရဲ့… သမီးပုံနဲ့ ဖွင့်ထားတဲ့ အကောင့်အတုက online shop လုပ်ပြီး ငွေတွေ လိမ်သွားလို့တဲ့ ..အခု FB မှာ အဲ့အကြောင်းတွေ ပလူပျံနေပြီ.. သိပ်ရှက်ဖို့ကောင်းတာပဲ .. ဟင်း …
ပြော..နင်က ဘာတင်တင် public post တွေနဲ့ နင့်အကြောင်းတွေ အစုံအစိ တင်ထားတာကိုး ဟဲ့…
FB မှာ public post တင်ရင် တစ်ကမ္ဘာလုံးက ကြည့်လို့ရတယ်.. နင့်ကို ဒုက္ခပေးချင်တဲ့သူက နင့်ရဲ့ info တွေယူပြီး အလွဲသုံးစား လုပ်လို့ရတာပေါ့ .. အကောင့်တု ဖွင့်တာမျိုး၊ ခုလို နင့်ယောင်ဆောင်ပြီး လိမ်တာမျိုးပေါ့..
အဲ့ဒါဆို ??
ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အားလုံးကို public post မတင်တာ အကောင်းဆုံး .. 'friend only' တို့ ဘာတို့နဲ့ တင်ပေါ့ …
ပြော်!
ရှိသမျှ app တွေကိုလည်း ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်တွေမပေးနဲ့ .. အဲ့ info တွေက ဘယ်ရောက်မှန်း သိတာမဟုတ်ဘူး …
ဟုတ်..မကေ..နောက်ဆို သတိထားပါ့မယ် .. အခု လောလောဆယ် အဲ့အကောင့် က သမီးအကောင့်မဟုတ်တာ အရင်ရှင်းလိုက်ဦးမယ်…
ပြီးရင် အဲ့အကောင့်ကို report ထုလိုက်မယ်…
အေး ..
ပြီး



မိကေ နှင့် Cyber Bullying
သရုပ်ဖော်..ဇဝနသား
အံမယ်..ဆယ်လီအေးသိန်းပဲဟ.. ပုံတွေတင်လှချည်လား..ရုပ်ကလည်း မစွံဘဲနဲ့..ရယ်ရတယ်..ခွီ..ခွီ... နည်းနည်းလောက် ကလိပြီး share ပေးဦးမှ..လာထား..ဟင်း..ဟင်း..
ဒီရုပ်ကြီးက ဆယ်လီတဲ့😂😂😂😂😂
Thar Noe share a post.
ဒီရုပ်ကြီးက ဆယ်လီတဲ့ 😂😂😂😂😂
Cele Aye Thein
Feb 10 at 10:07am
ကျွန်တော်ချောလား
ကိုးကျော်..ဆယ်လီအေးသိန်းပို့စ်ကို ဘာလို့ အဲ့လိုတွေရေးပြီး share ရတာလဲ...
သူ့ရုပ်ကလှလည်း မလှဘဲ Facebook မှာစွတ်တင်နေလို့ မျက်စိနောက်တာနဲ့ share လိုက်တာ...
ဟာ!! ကိုးကျော်တော့ လုပ်ချလိုက်ပြန်ပြီ..
အဲလို လူတစ်ဖက်သားကို ထိခိုက်စေတဲ့ စကားတွေကို ဆိုရှယ်မီဒီယာပေါ်မှာ မပြောရဘူး ကိုးကျော်ရဲ့.. အဲဒါ Cyber Bullying ပဲ..
ဘာ!! Cyber Bullying ဟုတ်လား? ရှင်းပြပါဦး မိကေရေ...
ပြောပြမယ်..ပြီးရင် ကိုးကျော် share ထားတဲ့ ပို့စ်ကို ပြန်ဖျက်နော်..
အေးပါဟာ.. ဖျက်ပါ့မယ်...


Cyber Bullying ဆိုတာ သူတစ်ပါးကို စိတ်ထိခိုက်အောင် Online ကနေ ကဲ့ရဲ့၊ ဝေဖန်၊ ချိုးနှိမ်တဲ့ စကားတွေ၊ စာတွေ၊ ပို့စ်နဲ့ မှတ်ချက်တွေ ပေးတာ၊ ရေးတာ၊ share တာမျိုးကို ပြောတာ ကွီးကျော်ရဲ့...
တစ်ယောက်စ နှစ်ယောက်စကနေပြီးတော့ Cyber Bullying လုပ်တဲ့သူ များလာတဲ့အခါ ခံရတဲ့သူအဖို့ စိတ်အားငယ်တာတွေ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုပျောက်ဆုံးတာတွေ ဖြစ်လာရော..
နောက်ဆုံး ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တဲ့အထိ ဖြစ်တတ်လို့ Cyber Bullying လုပ်တာကို ရှောင်သင့်တာ.. ကွီးကျော်ရဲ့..သိပြီလား...
ဟေ!! အဲလောက်တောင်လား? ငါမသိလို့ပါဟာ...
ဒါကြောင့် သူတစ်ပါးကို ထိခိုက်၊ နစ်နာစေမယ့် စကားလုံး မဖြန့်တာ အကောင်းဆုံးပဲ..ကွီးကျော်တင်မဟုတ်ဘဲ တခြားမိတ်ဆွေတွေကိုလည်း ပြောပြပေးဦး..
အေးပါဟာ..ငါလည်းသူများတွေပြောလို့ လိုက်ပြောကြည့်တာ..ကိုယ်ချင်းစာဖို့ မေ့သွားတယ်..ကျေးဇူးမိကေရေ...
ငါ့ပို့စ် ဖျက်ဦးမှ..
ပြီး


မိကေ နှင့် Empathy
သရုပ်ဖော်..ရဝနူသား
Covid-19 သတင်းတွေ တစ်ရက်တစ်ရက်တိုးလာလိုက်တာ..ဘာသတင်းအသစ်တွေရှိလဲ.. ကြည့်ဦးမှ ...
ဟင်..ဘာလဲဟ..Covid-19 လူနာရဲ့အကြောင်းတွေကို သူ့နာမည်၊သူ့မိသားစုနာမည် ၊ဘယ်မှာအလုပ်လုပ်တယ်၊ ဘယ်မှာနေတယ်ကအစ.. လိပ်စာအတိအကျနဲ့ပါလား ...
ငါလည်း share ဦးမှ.. ဒါမှသူများတွေသိပြီး သူ့ကိုရှောင်လို့ရအောင်...


ပြော..မိကေ.. ဘာကိစ္စ ?
ဟေး..ကြီးကျော်..ဘာလို့ သူများရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ပါတဲ့ post ကို share ထားတာလဲ..
ဟင်..ဘာလို့လဲ... အခြားသူတွေလည်း သူ့ကိုသတိထားပြီး ရှောင်နိုင်အောင်လေ...
မဟုတ်ဘူးလေ..ကြီးကျော်ရ... ဘယ်လိုပဲ ကောင်းတဲ့ရည်ရွယ်ချက်နဲ့ share ပြီး..သူတစ်ပါးရဲ့ကိုယ်ရေး ကိုယ်တာအချက်အလက်တွေပါနေတဲ့ အရာကို ဆိုရှယ်မီဒီယာမှာ share တာ Privacy ချိုးဖောက်တာပဲလေ.. မိကေတို့ကလည်း Covid-19 လူနာ တွေကို စာနာစိတ်ရှိရမယ်လေ...
အခုအချိန်မှာ ဒီရောဂါကြောင့် သူနဲ့ သူ့မိသားစုတွေ စိတ်ညစ်နေရတယ်.. Quarantine ဝင်နေကြရတယ်.. တချို့ကလည်း သူတို့ကို online မှာရော အပြင်မှာပါ harass လုပ်နိုင်တယ်.. စဉ်းစားကြည့်လေ...
မင်းနဲ့မင်းမိသားစု ကြောင့်ကွ..ငါတို့ တစ်ရပ်ကွက်လုံး စိတ် ဆင်းရဲနေရတာ...
ဟင်‼ harass လုပ်ခံရနိုင် တယ်..ဟုတ်လား..ငါလုံးဝ မတွေးမိလိုက်ဘူးဟာ...
အဲ့ဒါပြောတာ..ကိုယ့်ဘက်က ထိခိုက်စေလိုတဲ့ရည်ရွယ်ချက် မရှိပေမယ့် သူနဲ့သူ့မိသားစုကို အချိန်အတော်ကြာတဲ့အထိ ဒုက္ခပေးနိုင်တယ်လေ...


အဲဒီလို တစ်ယောက်စ နှစ်ယောက်စနဲ့ Cyberbullying လုပ်တဲ့သူများလာရင် သူ့အနေနဲ့ အရမ်းခံစားရမှာ..ကိုယ်သာ သူ့နေရာမှာဆို ဘယ်လိုလုပ်မလဲ...
ကွီးကျော်ကအရမ်းကြင်နာတတ်ပြီး လမ်းဘေး ခွေးလေးတွေ ဒုက္ခရောက်နေတာတောင်မနေ နိုင်တဲ့သူဆိုတာ သိပါတယ်...
ဒါ့အပြင် Internet online ပေါ်မှာလည်း သနားကြင်နာစိတ်ရှိရမယ်..Social media ပေါ်မှာတစ်ခုခုကို မ share ခင်အရင်စဉ်းစား .. ဘာကြောင့်လဲဆိုရင် ကိုယ် share မိလိုက်တဲ့ အရာကြောင့် ကိုယ်တောင်မသိလိုက်ဘဲ အခြား သူတစ်ယောက်ကို နာကျင်သွားစေနိုင်လို့ပဲ...
အေးဟာ.. သနားစရာကောင်းတဲ့ သူတို့ကိုပိုခံစားရအောင်မရည်ရွယ် ပါဘူးဟာ.. ကျေးဇူးပဲမိကေရေ.. ငါလည်းနောက်ဆို ပိုသတိထားမယ်.. တစ်ခုခုကို မ share ခင်အရင်ဆုံး စဉ်းစားမယ်.. အဲ့ post ကိုလည်း ခုချက်ချင်း ဖျက်ပစ်လိုက်မယ်...
ပြီး


ဆိုက်ဘာလုံခြုံရေး အသိပေးကာတွန်းတွေကို ဗဟုသုတလည်းရ ၊ အပျင်းပြေလည်း ဖတ်လို့ ရအောင် မိုကေတို့ရဲ့ ဆိုက်ဘာဘေးကင်း ဆိုတဲ့ Page လေးကို Like ပေးထားကြပါဦးနော်... ...
Cyberbaykin